ဟီၣ်ခိၣ်ဒိဘ့ၣ်ကညီကရၢ

International Karen Organisation

Asia Pacific Region European Region US/Canada Region

## KNLA အမှတ် (၄) တပ်မဟာနယ်မြေအတွင်း ကရင်တပ်ဖွဲ့များအကြား အချင်းချင်း စစ်ရေး ပဋိပက္ခများ ဖြစ်ပွားခြင်း နှင့် ပါတ်သက်၍ IKO ၏သဘောထား ထုတ်ပြန်ကြေငြာချက်

နေ့စွဲ၊ ၂၀၂၃ ဖေဖော်ဝါရီလ ၂၂ ရက်

၁၊ KNLA အမှတ် (၄) တပ်မဟာနယ်မြေအတွင်း KTLA နှင့် KNLA တို့၏ တပ်ဖွဲ့များအကြား တိုက်ပွဲများဖြစ်ရှိနေသည်ကို ကြားသိရသဖြင့် IKO မှအထူး စိတ်မချမ်းမြေ့ဖြစ်ရပါသည်။

၂၊ ယနေ့ကာလသည် စစ်အစိုးရကို ပြည်သူတရပ်လုံးမှ တော်လှန် တိုက်ပွဲဝင်နေကြသည်၊ သို့ဖြစ်ပါ၍ ကရင်တပ်ဖွဲ့များအကြား အချင်းချင်း တိုက်ခိုက်နေကြခြင်း မဖြစ်သင့်ဟု IKO မှရှုမြင်သည်။

၃၊ စစ်အစိုးရသည် ကရင်လူမျိုးအပါအဝင် ပြည်သူတရပ်လုံးအပေါ် မတရားဖိနှိပ်အုပ်ချုပ် ကျွန်ပြုခဲ့သည်မှာ ဆယ်စုနှစ် ပေါင်းများစွာ ရှိနေခဲ့သော်လည်း တခါမှ မရှိခဲ့ဘူးသေးသည့် ပြည်သူတရပ်လုံး၏ စစ်အုပ်စုအမြစ်ပြတ်ဖြုတ်ချရေးအတွက် တော်လှန်တိုက်ပွဲဝင် နေခြင်းသည် အဖိနှိပ်ခံ ပြည်သူလူထုတရပ်လုံးအတွက် အခွင့်အခါကောင်းဖြစ်၍ လက်မလွှတ်သင့်ဟု IKO မှမြင်သည်။

၄၊ စစ်အုပ်စုသည်ဘေးကြပ်နံကြပ်ဖြစ်နေ၍ အယုတ်မာဆုံးသော လုပ်ရပ်များဖြစ်သော ပြည်သူလူထုများအပေါ် ညှင်းပမ်းနှိပ်စက် သတ်ဖြတ်ခြင်း၊ အိုးအိမ်နှင့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း စသည့် ယုတ်မာသော နည်းများကို ကျင့်သုံးနေသည်။ ထို့ကြောင့် ကရင်အချင်းချင်း တိုက်ခိုက်မည့်အစား သေနတ်ပြောင်းဝကို စစ်အုပ်စုဘက်သို့ လှည့်ကြရန် IKO မှ တိုက်တွန်းပါသည်။

၅၊ အထက်ဖေါ်ပြပါ အခြေအနေများကြောင့် KTLA နှင့် KNLA (KNU) တို့၏ တာဝန်ရှိသူများမှ အဖိနှိပ်ခံ ကရင်တမျိုးသားလုံး၏ မျက်နှာကိုထောက်ရှု၍ လက်ရှိဖြစ်ပေါ်နေသော အချင်းချင်း ရန်မူတိုက်ခိုက်နေမှုများ အမြန်ဆုံးအဆုံးသတ်ပေးပါရန် IKO မှ လေးနက်စွာ မေတ္တာရပ်ခံအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
နိုင်ငံတကာကရင်အဖွဲ့အစည်း (IKO)